ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဒီးမော့ဆိုမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

ဂုါဆီဆောင်ကျေးရွာ၊ လိုဘာခိုအုပ်စု


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၃ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၆ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၇ | ၇ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၈ | ၈ |
| ၈။ | ကျေးရွာအတွင်းရှိ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၉ | ၉ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၁၀ | ၁၀ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၁ | ၁၂ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၃ | ၁၃ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၄ | ၁၄ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၅ | ၁၅ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၆ | ၁၇ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၈ | ၁၈ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၉ | ၁၉ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၂၀ | ၂၁ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၂ | ၂၃ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၄ | ၂၅ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၂၆ | ၂၆ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၂၇ | ၂၈ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၂၉ | ၃၀ |

# DEMOSO TOWNSHIP MAP



# ဒီးမောဆို မြို့နယ် ၊ ဆိုဘကို အုပ်စု မြေပုံ




- ကတ္တရာလမ်း
- မြို့နယ်ခြား နယ်နိမိတ်
- အုပ်စုခြား နယ်နိမိတ်
- ကျေးရွာ

လိုဘာခိုကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာနှင့် လူဦးရေစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁ | လိုဘာခို | ၁၈၅ | ၅၂၆ | ၅၅၂ | ၁၀၇၈ | |
| ၂ | ဆောင်ဒူ | ၁၅၀ | ၄၂၃ | ၃၉၂ | ၈၁၅ | |
| ၃ | ဆီးဘူးပလော | ၂၄ | ၇၄ | ၆၆ | ၁၄၀ | |
| ၄ | ယပ်ဒူ | ၅၀ | ၁၅၃ | ၁၄၂ | ၂၉၅ | |
| ၅ | ဝါဆီဆောင် | ၃ | ၉ | ၇ | ၁၆ | |
| | စုစုပေါင်း | ၄၁၂ | ၁၁၈၅ | ၁၁၅၉ | ၂၃၄၄ | |

ကျေးရွာအရင်းမြစ်ပြမြေပုံ



# လှိုင်ဘွဲ့ခိုအုပ်စု ၊ ယပ်ခူနှင့်ဝှါဆီဆောင်ကျေးရွာ

ရက်စွဲ ၊ ၁၃-၁၂-၂၀၁၆

**လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများနှင့် သဘာဝအရင်းအမြစ်များကို သိရှိပြီး ၄င်းအရင်းအမြစ်များ သုံးစွဲမှုနှင့်လက်လှမ်းမှီမှုကို လေ့လာသိရှိနိုင်ရန်ဖြစ်သည်။

ယပ်ခူကျေးရွာနှင့်ဝှါဆီဆောင်ကျေးရွာများသည် လှိုင်ဘွဲ့ခိုအုပ်စုတွင်ပါဝင်သောကျေးရွာများဖြစ်ပြီး ယပ်ခူကျေးရွာသည် အိမ်ခြေပေါင်း(၅၀)၊လူဦးရေပေါင်း(၂၉၅)ဦးနှင့် ဝှါဆီဆောင်ကျေးရွာသည် အိမ်ခြေပေါင်း(၃)၊ လူဦးရေပေါင်း(၁၆)ဦးရှိပါသည်။၎င်းကျေးရွာများသည် ဒီးမော့ဆို-တောင်ငူလမ်းမကြီးမှတဆင့် ကယားပြည်နယ်နယ်နိမိတ်အဆုံးမှ မြေသားလမ်းနှင့်(၁)မိုင်ခန့်ကွာဝေးသော ယပ်ခူကျေးရွာကို ရောက်ရှိပြီး ယပ်ခူကျေးရွာမှတဆင့် (၄)မိုင်ခန့်ကွာဝေးသော လူသွားလမ်းဖြင့်သာသွားရသော ဝှါဆီဆောင်ကျေးရွာကိုရောက်ရှိပါသည်။၎င်းကျေးရွာများသည် တောင်ကုန်းတောင်တန်းပေါ်တွင်တည်ရှိသောကြောင့် ရွာလမ်းကြားများသည် လှည်းလမ်းနှင့်လူသွားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် ကျေးရွာလူထုအတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကာလဖြစ်သည်။

၎င်းကျေးရွာများ၏ အိမ်အမျိုးအစားမှာ ပျဉ်ထောင်အိမ်နှင့်သွပ်မိုးများဖြစ်ကြသည်။စာသင်ကျောင်းသည် အုတ်နှင့်ပြုလုပ်ထားပြီး ဘုရားကျောင်းနှင့်မူကြိုကျောင်းများသည် ပျဉ်ထောင်နှင့်ပြုလုပ်ထားပါသည်။

ပညာရေးအခြေအနေမှာ မူလတန်းအဆင့်ထိ အစိုးရစာသင်ကျောင်း ရှိပါသည်။မူလတန်းအထိ ပညာ သင်ယူပြီးမြောက်သောကလေးများအတွက် ပညာဆက်လက်သင်ယူနိုင်ရန်အတွက် မိဘများ၏စားဝတ်နေရေးမဖူလုံ၍ ငွေကြေးအခက်အခဲရှိပါသည်။အမျိုးသမီးများပညာသင်ယူလိုသော စိတ်ဆန္ဒမရှိသည့် အခက်အခဲ၊ တချို့က ငွေကြေးအခက်အခဲနှင့်လမ်းပန်းဆက်သွယ်ရေးအခက်အခဲစသည်တို့ကြောင့် ၎င်းကျေးရွာတွင် ဆယ်တန်းအောင်မြင်သောကလေးအလွန်နည်းပါးသည်။ပညာရေးဝန်ထမ်းများသည် ပြင်ပ ဆရာ/မများဖြစ်သောကြောင့် ဝန်ထမ်းအိမ်ရာမှာအခက်အခဲရှိသဖြင့် ကျေးရွာအမျိုးသမီးများက ရွာတွင် ကိုယ်ပိုင်ဝန်ထမ်းများရှိလာရင် ကျေးရွာအတွက် ပို၍အဆင်ပြေမည်ဟု မျှော်မှန်းပါသည်။

ကျန်းမာရေးအခြေအနေမှာ ၎င်းကျေးရွာများတွင် ဆေးပေးခန်းမရှိသော်လည်းအခြေခံကျန်းမာရေးစောင့်ရှောက်ကုသမှုအတွက် အစိုးရဖက်မှ ကျန်းမာရေးလုပ်သားနှင့် အရံသားဖွားများ၊တခြား NGO များဖြစ်သော 3MDG (IOM) မှ အရေးပေါ်မြို့ပေါ်သို့သွားရောက်ကုသမှုခံယူရန်အတွက် ငွေစုငွေချေးအသေးစားနှင့် Medical Action Myanmar အဖွဲ့မှ အခြေခံကုသမှုဆေးဝါးများနှင့် အရေးပေါ်လူနာများဖြစ်သော (Malaria , TB) စသဖြင့် လူနာများကို လွှဲပြောင်းရာတွင် ငွေကြေးများထောက်ပံ့ပေးသောအဖွဲ့များရှိပါသည်။

၎င်းကျေးရွာများတွင် တံခွန်တိုင်၊ ခရစ်ယာန်နှင့်ပြဟ္မရ်စိုဘာသာပေါင်း(၃)မျိုးရောနှောနေထိုင်ကြရာ သူ့ဘာသာနှင့်သူဘုရားကျောင်းများရှိကြပါသည်။

ယပ်ခူကျေးရွာ၏သောက်သုံးရေမှာ စိမ့်စမ်းရေထွက်ပေါက်မှတဆင့် ပိုက်ဖြင့်ရွာနားထိသွယ်ယူထားပါသည်။စိမ့်စမ်းရေထွက်ပေါက်မှ ကျေးရွာအတွက် ရေလုံလောက်မှုရနိုင်သော်လည်း လည်ပတ် ပြုပြင်ထိန်းသိမ်းရေးမှာ အားနည်းသောကြောင့် ရေရရှိမှုမလုံလောက်ပါ။ဝှါဆီဆောင်ကျေးရွာ၏ ရေရရှိမှုမှာ စိမ့်စမ်းရေထွက်ပေါက်မှတဆင့် အိမ်နားထိသွယ်ယူထားရာတွင် ရေလုံလောက်မှုရှိသည်။

စီးပွားရေးအရင်းအမြစ်မှာ လယ်ယာမြေနှင့်ကိုင်းအနည်းငယ်ရှိပြီး စပါး၊ပြောင်း၊ငရုတ်သီးနှင့် ဟင်းသီးဟင်းရွက်များ အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။အိမ်ထောင်စုအများစုသည် လက်လုပ်လက်စားများဖြစ်သောကြောင့် ဝမ်းစာဖူလုံမှုမရှိပါ။ယင်းကျေးရွာသည် နေ့စားအလုပ်သမားများမှ အရင်းအမြစ်ကို လက်လှမ်းမှီသော်

လည်း ကျေးရွာအတွင်းရှိအလုပ်နှင့်မလုံလောက်သောကြောင့် တခြားကျေးရွာ၊မြို့၊နိုင်ငံများသို့ တချို့သွားရောက် အလုပ်လုပ်ကြရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၅)ဦး
မ (၁၅)ဦး

# လှိုဘာခိုအုပ်စု ၊ ၀ှါဆီဆောင်ကျေးရွာ

ရက်စွဲ ၊ ၁၄-၁၂-၂၀၁၆

**ကျေးရွာ၏ သမိုင်းအကျဉ်း**

ဝှါဆီဆောင်ကျေးရွာသည် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုဘာခိုကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကယန်းလူမျိုးများဖြစ်ကြပါသည်။

ဤကျေးရွာသည် ပထမဆုံးအနေဖြင့် တစ်စုတစ်စည်းတည်းနေထိုင်ခဲ့ကြရာ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် နယ်စပ်တွင် တည်ရှိသောရွာတစ်ရွာဖြစ်ပါသည်။နောက်မကြာမီတွင် ပြည်နယ်နယ်နိမိတ်ပြန်လည်အသိအမှတ်ပြုသောအခါ ဝှါဆီဆောင်ကျေးရွာနယ်မြေသည် ရှမ်းပြည်နယ်ဘက်တွင် တစ်ဝက်ရောက်သွားပြီး ကျေးရွာနှစ်ခြမ်းကွဲသွားကာ ကယားပြည်နယ်ဘက်တွင်ကျန်ရှိသော ဝှါဆီဆောင်ကျေးရွာသူ/သားများသည် ကယားပြည်နယ်၏နယ်နိမိတ်ကို ဆက်လက်ထိန်းသိမ်းခဲ့ပါသည်။

၁၉၇၇ ခုနှစ်ခန့်တွင် ဝှါဆီဆောင်ကျေးရွာ၏အိမ်ခြေ(၁၈)အိမ်ရှိပြီး လူဦးရေ(၈၀)ဦးရှိခဲ့ပါသည်။ ၁၉၇၈ ခုနှစ်တွင် ကိုယ်ထူကိုယ်ထစာသင်ကျောင်းကို (၂)နှစ်အထိဖွင့်လှစ်ခဲ့ပါသည်။၁၉၈၀ ခုနှစ်တွင် အစိုးရစာသင်ကျောင်းရရှိခဲ့ပြီး (၅)နှစ်အတွင်းသာဖွင့်လှစ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင်ကျောင်းသားဦးရေနည်းခြင်းကြောင့် စာသင်ကျောင်း ရပ်ဆိုင်းခဲ့ပါသည်။၁၉၉၂ ခုနှစ်တွင် နတလ စစ်အစိုးရ၏အမိန့်ထုတ်ပြန်ချက်အရ ဖြတ်(၄)ဖြတ်ဖြင့် ဤကျေးရွာသည် အုပ်စုအတွင်းကျေးရွာဖြစ်သော လိုဘာခိုကျေးရွာသို့ပြောင်းရွှေ့နေထိုင်ရပါသည်။၁၉၉၃ ခုနှစ်တွင် မိမိကျေးရွာတွင်ပြန်လည်နေထိုင်ခွင့် ရရှိခဲ့ပါသည်။၂၀၀၂ခုနှစ်တွင် ဝှါဆီဆောင်ကျေးရွာနှင့်ယပ်ခူကျေးရွာအထိ ကိုယ်ထူကိုယ်ထ(၃)ပေလမ်းကို ဖောက်ရန် အစီအစဉ်ရှိခဲ့သော်လည်း (၃)နှစ်ကြာသည်အထိ အောင်မြင်မှု မရရှိခဲ့ပေ။လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိသောကြောင့် ပညာရေး၊ကျန်းမာရေး၊စီးပွားရေး၊လူမှုရေး၊ဘာသာရေးနှင့် စားဝတ်နေရေး စသည့်အဖက်ဖက်မှ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခဲ့ရပါသည်။

သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေးအဓိကလိုအပ်နေပါသဖြင့် ဌာနဆိုင်ရာများအားလုံး ဝှါဆီဆောင်ကျေးရွာအတွက် (၁၂ ပေ)လမ်း ဖောက်ပံ့ကူညီပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ယခုလက်ရှိ ဝှါဆီဆောင်ကျေးရွာသည် အိမ်ခြေ(၃)အိမ်နှင့် လူဦးရေပေါင်း(၁၆)ဦးသာရှိသော်လည်း ကယားပြည်နယ်နယ်နိမိတ်ကို ဆက်လက်ထိန်းထားခဲ့ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၃)ဦး

မ (-)ဦး

ဥစ္စာဓန ကြွယ်ဝမှုပြဇယား

လိုဘာဦး အုပ်စု
ယပ်ခူ-ဂျိဆီဒေါင် ကျေးရွာ

## ဥစ္စာဓနကြွယ်ဝမှုဇယား

ရက်စွဲ - ၁၃ ၊ ၁၂ ၊ ၁၆
ဆွေးနွေးသူဦးရေ - ကျား - ၁၅ / မ - ၁၅

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| A | လယ် (၁.၅) ဧကနှင့်အထက်၊ ပျဉ်ထောင်အိမ်အကြီးစား၊ ယာ (၁၀) ဧကနှင့်အထက်၊ ဆိုင်ကယ်/ထော်လာဂျီရှိ၊ ကျွဲ၊နွား (၁၀) ကောင်နှင့်အထက် | ၃ | ၅.၆၆ |
| B | လယ် (.၅) ဧက ၊ ယာ (၅) ဧက ၊ ဆိုင်ကယ်ရှိ၊ ပျဉ်ထောင်အိမ်အလတ်စား ၊ ကျွဲ၊နွား (၃-၅) ကောင်ရှိ ကျွမ်းအလုပ် | ၃၂ | ၆၀.၃၈ |
| C | လယ်မရှိ၊ ယာ (၃) ဧကအောက်၊ ပျဉ်ထောင်အိမ်အသေးစား၊ ကျွမ်းအလုပ် | ၁၈ | ၃၃.၉၆ |
| | | ၅၃ | |

# လှိုဘာခိုအုပ်စု ၊ ယပ်စူနှင့်ဂါဆီဆောင်ကျေးရွာ

ရက်စွဲ ၊ ၁၃-၁၂-၂၀၁၆

**ဥစ္စာစနကြွယ်ဝမှုပြယေားသုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများ၏ ဥစ္စာဓနကွာခြားမှုများ၊ လူမှုစီးပွားရေးအခြေအနေအလိုက်စံနှုန်းများသတ်မှတ်ချက်များ၊သတ်မှတ်ချက်များတွင် ပါဝင်နေသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်းအချိုးများ သိရှိလာစေရန်။

ဤကျေးရွာတွင် အိမ်ထောင်စု(၅၃)စုရှိပြီး ဥစ္စာဓနကြွယ်ဝမှုပြဇယားသုံးသပ်ချက်တွင် အုပ်စု(၃) အုပ်စု ရှိပါသည်။၎င်းတို့မှာ အုပ်စု(၁)တွင် ပြေလည်သောအိမ်ထောင်စု(၃)စု (၅. ၆၆%)၊အုပ်စု(၂)တွင် အလယ်အလတ်ပြေလည်သော အိမ်ထောင်စု(၃၂)စု (၆၀. ၃၈%) နှင့် အုပ်စု(၃)တွင် မပြေလည်သောအိမ်ထောင်စု(၁၈)စု (၃၃. ၉၆%)တို့ဖြစ်သည်။

ပြေလည်သော အိမ်ထောင်စုများ၏ သွင်ပြင်လက္ခဏာများမှာ လယ်(၁. ၅)ကေနှင့် အထက် ပျဉ်ထောင်အိမ်အကြီးစား၊ယာ(၁၀)ကေနှင့်အထက်၊ဆိုင်ကယ်၊ထော်လာဂျီ၊ကျွဲ၊နွား(၁၀)ကောင်နှင့်အထက် စသည်တို့ပိုင်ဆိုင်မှုရှိသောအိမ်ထောင်စုဖြစ်သည်။

အလယ်အလတ်ပြေလည်သောအိမ်ထောင်စုများ၏ သွင်ပြင်လက္ခဏာများမှာ လယ်(၀. ၅)ကေ၊ ယာ(၅)ကေ၊ဆိုင်ကယ်၊ပျဉ်ထောင်အိမ်အလတ်စား၊ကျွဲ၊နွား(၃-၅)ကောင် စသည်တို့ကို ပိုင်ဆိုင်ကြပြီး ကျဘန်းလုပ်ကိုင်နေရပါသည်။


မပြေလည်သောအိမ်ထောင်စုများ၏ သွင်ပြင်လက္ခဏာများမှာ လယ်မရှိ၊ ယာ(၃)ကေအောက်၊ ပျဉ်ထောင်အိမ်အသေးစားနှင့် ကျဘန်းအလုပ်(နေ့စားအလုပ်)လုပ်ကိုင်နေရပါသည်။

ကျန်(၃)အုပ်စုသည် ယေဘုယျအားဖြင့် အုပ်စု(၂)မှအုပ်စု(၁)သို့ အုပ်စု(၃)မှအုပ်စု(၁)သို့ အိမ်ထောင်စုများသည် သိသာပြောင်းလဲမှု ရှိလာမည်ဟု မထင်ရချေ။အဘယ်ကြောင့်ဆိုသော် အချို့သော အိမ်ထောင်စုများသည် စီးပွားရေးဘက်စဉ်းစားတွေးခေါ်မှုဥာဏ်မမှီခြင်း၊ အလုပ်ကြိုးစားမှုမရှိခြင်း၊ သားသမီးများခြင်း၊ ကျန်းမာရေးချို့တဲ့လာခြင်း၊ ဝမ်းစာဖူလုံမှုမရှိ၍ သားသမီးများပညာရေးမှာ လက်လှမ်းမမှီခြင်း၊ စိုက်ပျိုးရေးနည်းပညာမရှိခြင်း၊ မွေးမြူရေးအသိပညာနှင့် အရင်းအနှီးမရှိခြင်း၊ ရာသီဥတုဖေါက်ပြန်ခြင်း စသည်တို့ဖြစ်သည်။

ဤကျေးရွာတွင် မပြေလည်သောအုပ်စုများသောကြောင့် ရွာ၏ဖွံ့ဖြိုးရေး နှောင့်နှေးနေပါသည်ဟု ကျေးရွာလူထုနှင့်အပြန်အလှန် ဆွေးနွေးခြင်းဖြင့်သိရှိခဲ့ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၅)ဦး
မ (၁၅)ဦး

ကျား/မ ဆိုင်ရာပင့်ကူအိမ် သုံးသပ်ခြင်း



ရက်စွဲ ၊ ၁၃-၁၂-၂၀၀၆

**ပင့်ကူအိမ်သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းရှိ အမျိုးသမီးများ၏အခြေအနေနှင့်ကွာခြားမှုကိုလေ့လာသိရှိရန်။

ဤကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အချက်(၈)ချက်ဖြင့်နှိုင်းယှဉ်ဆွေးနွေးခဲ့ကြပါသည်။

အချက်(၁) အမွေရပိုင်ခွင့် သုံးသပ်ချက်မှာ အမျိုးသားပိုများပါသည်။ အမျိုးသမီးများသည် ရှေးရိုးထုံးတမ်းစဉ်လာအရ အမွေရပိုင်ခွင့် မရှိပါ။အမျိုးသမီးများ အရွယ်ရောက်ပြီး အိမ်ထောင်ကျသောအခါ အမျိုးသားဘက်တွင် လိုက်နေထိုင်ရပြီး တခြားသူများ၏ သမီးဖြစ်သွားရခြင်းဖြစ်သည်။သို့သော် ယခုအချိန်အခါတွင် မိဘများသည် သားသမီးများ၏ ပညာရေးတွင် ကျား/မမခွဲခြားဘဲ တန်းတူပညာသင်ကြားခွင့် ပေးသောကြောင့် ပညာရရှိခြင်းမှာလည်း အမျိုးသမီးများအတွက် အမွေရရှိခြင်းပင်ဖြစ်သည်။

အချက်(၂) ရွာပြင်ပသို့ အလုပ်ထွက်ရှာခြင်း သုံးသပ်ချက်မှာ အမျိုးသားများပါသည်။အလုပ်အကိုင် ထွက်ရှာရာတွင် အမျိုးသားလုပ်အားခမှာ အမျိုးသမီးထက်များသောကြောင့် ဖြစ်သည်။

အချက်(၃) အိမ်မှုကိစ္စဆောင်ရွက်မှုသုံးသပ်ချက်မှာ အမျိုးသမီးများပါသည်။အမျိုးသားအများစုသည်အိမ်ပြင်ပသို့ အလုပ်ထွက်ရှာရခြင်း၊ မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရသောအလုပ်တွင် တာဝန်ပိုရှိသည်ဟု ထင်မြင်ယူဆကြပြီး အိမ်မှုကိစ္စအဝဝတွင် အမျိုးသမီးတာဝန်ပိုဖြစ်ကြောင်း ယူဆကြရပါသည်။

အချက်(၄) လုံခြုံမှု သုံးသပ်ချက်တွင် အမျိုးသားများ ပိုများပါသည်။အမျိုးသားများသည် ရိုးရာဓလေ့အရ ပတ်ဝန်းကျင်ဝေဖန်မှုသည်အမျိုးသမီးထက်နည်းခြင်း၊ သွားလာနေထိုင်ရေးတွင်လည်းစိုးရိမ်မှုသည် အမျိုးသမီးထက်နည်းခြင်းနှင့် ကာယခွန်အားပိုရှိခြင်းကြောင့်ဖြစ်သည်။

အချက်(၅) ကျန်းမာရေးစောင့်ရှောက်မှုသုံးသပ်ချက်တွင်အမျိုးသမီးပိုများပါသည်။အမျိုးသားများသည်မိသားစုစားဝတ်နေရေးတွင် တာဝန်ပိုရှိသည်ဟု ယူဆပြီး အိမ်မှုကိစ္စဖြစ်သော အိမ်တွင်းရေး၊ကျန်းမာရေး၊ စောင့်ရှောက်မှုတွင် အမျိုးသမီးများပိုများခြင်းဖြစ်သည်။

အချက်(၆) ပူးပေါင်းပါဝင်သုံးသပ်ချက်တွင် အမျိုးသားပိုများပါသည်။အမျိုးသမီးများ အိမ်မှုကိစ္စတွင် အချိန်ပိုပေးရသောကြောင့် ရပ်ရွာ၏သာရေး/နာရေးတွင် အမျိုးသားပိုများပါသည်။


အချက်(၇) နှင့် အချက်(၈) ဆုံးဖြတ်ပိုင်ခွင့်နှင့်ဦးဆောင်ပိုင်ခွင့်သုံးသပ်ချက်တွင်လည်း အမျိုးသားပိုများပါသည်။အမျိုးသမီးများသည် ပတ်ဝန်းကျင်အစဉ်အလာအရ အထင်သေးခံရခြင်း ၊ အများရှေ့ပြောဆိုရန်ခက်ခဲခြင်း ၊ မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်း၊ ကာယခွန်အားနည်းခြင်း စသည်တို့ကြောင့် ရပ်ရေးရွာရေးတွင်သော်လည်းကောင်း၊ အိမ်တွင်းရေးတွင် သော်လည်းကောင်း ဦးဆောင်ဆုံးဖြတ်ရာတွင် အမျိုးသားထက်

နည်းပါးသည်။

ထိုသို့ဆွေးနွေးခြင်းများပြုလုပ်ခြင်းအားဖြင့် အမျိုးသားများသည် အမျိုးသမီးများ၏ အားသာချက် ၊ အားနည်းချက်များကို ပိုမိုသိရှိလာပြီး လက်တွဲခေါ်ယူသွားရန် ဖြစ်သည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၅)ဦး
မ (၁၅)ဦး

အဖွဲ့ အစည်းချိတ်ဆက်ပြဇယား



## လှိုဘာခိုအုပ်စု ၊ ယပ်စူနှင့်ဝှါဆီဆောင်ကျေးရွာ

ရက်စွဲ ၊ ၁၃-၁၂-၂၀၁၆

**အဖွဲ့အစည်းချိတ်ဆက်မှုဇယား သုံးသပ်ချက်**

ရည်ရွယ်ချက် ။ လူထုအတွင်းကွဲပြားခြားနားသော အုပ်စုများအဖွဲ့အစည်းများ၊အပြန်အလှန်အကျိုးပြုသည့် အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များ၊ လူမျိုးကွဲ၊ဘာသာကွဲအဖွဲ့များ စသည့်အဖွဲ့များ အရေးကြီးသော အခန်းကဏ္ဍကိုသိရှိလာစေရန်။

ဤကျေးရွာများတွင် ရွာတွင်းအဖွဲ့အစည်းနှင့် ရွာပြင်ပအဖွဲ့အစည်းဟူ၍ စုစုပေါင်း(၁၃)ဖွဲ့ရှိပါသည်။၎င်းရွာတွင်းအဖွဲ့အစည်းများမှာ ဘာသာရေးအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊လူငယ်အဖွဲ့၊ကျန်းမာရေးအဖွဲ့၊ ဖခင်အသင်းနှင့်အားနာအသင်း စသည်တို့ဖြစ်ပြီး ရွာပြင်ပအဖွဲ့အစည်းများမှာ မေတ္တာစိုက်ပျိုးရေး၊ လူထုဗဟိုပြု စီမံကိန်း၊ အုပ်စုအုပ်ချုပ်ရေးမှူး၊ လူထုအခြေပြုကျန်းမာရေးအဖွဲ့၊ 3MDG(IOM) အဖွဲ့နှင့် KNGY အဖွဲ့ စသည်တို့ဖြစ်သည်။

ရွာတွင်းအဖွဲ့များဖြစ်သော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဘာသာရေးအဖွဲ့နှင့် လူငယ်အဖွဲ့များသည် အဖွဲ့များကြားချိတ်ဆက်မှုရှိ၍ ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွာတွင်းပဋိပက္ခများရှိလာပါက ဦးဆောင်ဖြေရှင်းပေးခြင်း၊ ဆုံးဖြတ်ချက်များချပေးခြင်း၊ အခြားပြင်ပမှလာသောအဖွဲ့အစည်းများ ချိတ်ဆက်ပေးသည့်အဖွဲ့ဖြစ်သောကြောင့် ကျေးရွာလူထုအတွက် အရေးပါသောအဖွဲ့ဖြစ်သည်။အားနာအသင်းနှင့် ဖခင်အသင်းတို့သည် ဘာသာရေး အဖွဲ့အစည်းများ ဖြစ်ကြသောကြောင့် အဖွဲ့များအကြားချိတ်ဆက်မှုရှိ၍ ရပ်ရွာ၏သာရေးနာရေးတွင် အသင့်အတင့်ပါသော အဖွဲ့များဖြစ်ကြသည်။ပညာရေးကော်မတီနှင့် ကျန်းမာရေးကော်မတီတို့သည်လည်းအဖွဲ့များကြားချိတ်ဆက်မှုရှိ၍ ရွာ၏ဖွံ့ဖြိုးရေးများဖြစ်သော ကျန်းမာရေးနှင့်ပညာရေးတွင်လည်း ပူးပေါင်းပါဝင်မှုရှိကြကာဤအဖွဲ့များသည်လည်း ကျေးရွာအတွက်အသင့်အတင့် အရေးပါသောအဖွဲ့ဖြစ်ကြသည်။

ရွာပြင်ပမှအဖွဲ့ဖြစ်သော လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာအတွက် အမှန်တကယ် လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရပ်ရွာလူထုကိုယ်တိုင်ဦးစီးဦးဆောင် လုပ်ကိုင်စီမံခန့်ခွဲပြီး တာဝန်ယူနိုင်ရန်အတွက် အသိပညာသင်တန်းများပေးခြင်းကြောင့် ကျေးရွာအတွက် အရေးပါသောအဖွဲ့ဖြစ်ပါသည်။အုပ်စုအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်မှုအားနည်းသောအဖွဲ့ဖြစ်သည်။

- မေတ္တာ(စိုက်ပျိုးရေး)အဖွဲ့သည် စိုက်ပျိုးရေးနည်းပညာတွင်လည်းကောင်း
- လူထုအခြေခံကျန်းမာရေးအဖွဲ့သည် အခြေခံကျန်းမာရေးကုသခြင်းနှင့် အရေးပေါ်လူနာများဖြစ်သော (ဥပမာ- ငှက်ဖျား၊ တီဘီ)လူနာများအတွက် ထောက်ပံ့ငွေပေးရာတွင်လည်းကောင်း
- 3MDG (IOM) အဖွဲ့သည် အရေးပေါ် လူနာများဖြစ်သော ကိုယ်ဝန်ဆောင် နှင့် (၅)နှစ်အောက် ကလေးများ အတွက်ငွေစုငွေချေးအသေးစားများပြုလုပ်ပေးခြင်းနှင့်လူနာများအတွက်ထောက်ပံ့ငွေပေးရာတွင်လည်းကောင်း
- KNGY ကယန်းမျိုးဆက်သစ်အဖွဲ့သည် ပညာရေးဝန်ထမ်းနှင့်စာရေးကိရိယာတွင်လည်းကောင်း

စသည့်အဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းလမ်းစနစ်တကျရှိရန် ကော်မတီများဖွဲ့ပေးခြင်းကြောင့် ကျေးရွာအတွက် အသင့်အတင့်အရေးပါသောအဖွဲ့များ ဖြစ်ကြသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၁၅)ဦး

မ (၁၅)ဦး

ရာသီခွင်ပြဇယား


ရာသီခွင်ပြဇယား
အကြောင်းအရာ
ဇန်နဝါရီ
ဖေဖော်ဝါရီ
မတ်
ဧပြီ
မေ
ဇွန်
ဇူလိုင်
ဩဂုတ်
စက်တင်ဘာ
အောက်တိုဘာ
နိုဝင်ဘာ
ဒီဇင်ဘာ
ရေရှားသည့်ကာလ
ပွဲတော်ကာလ
ကျန်းမာရေးအခြေအနေ

## လှိုင်ဘွဲ့ခရိုင် ၊ ယိပ်စူနွှင့်ဝါဆီဆောင်ကျေးရွာ

ရက်စွဲ ၊ ၁၃-၁၂-၂၀၁၆

**ရာသီခွင်ပြဇယား သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာလူထု၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊အလုပ်အကိုင်၊အစားအစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ နှင့် ရာသီအလိုက်ပြောင်းလဲမှုများ၏ အခြေအနေကို သိရှိရန် ဖြစ်သည်။

ကျေးရွာများတွင် နွေ၊မိုး၊ဆောင်း ဟူ၍ ရာသီ(၃)မျိုးရှိပြီး မိုးရာသီမှာမေလမှအောက်တိုဘာလ အထိဖြစ်ကာ ဇူလိုင်၊ဩဂုတ်လနှင့်စက်တင်ဘာလတို့သည် မိုးအများဆုံးရွာသွန်းသောလဖြစ်သည့်အလျောက် လမ်းပန်းဆက်သွယ်ရေးလည်း အခက်ခဲဆုံးလများဖြစ်ကြသည်။အဘယ်ကြောင့်ဆိုသော် ရွာတွင်းလမ်းများသည် လှည်းလမ်းနှင့်လူသွားလမ်းများ ဖြစ်သောကြောင့်ဖြစ်သည်။

၎င်းကျေးရွာများတွင် တောင်ယာ ၊ လယ်ယာမြေများ ရှိကြပါသည်။သို့သော် တောင်ယာကိုအဓိက စိုက်ပျိုးကြသောကြောင့် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတို့တွင် တောင်ယာစပါးနှင့်ငရုတ်သီးအတွက် တောင်ယာ ခုတ်ကြပါသည်။မတ်လတွင် ခုတ်ပြီးသောတောင်ယာများ မီးရှို့ပြီး ကျန်ရှိနေသော မီးစာ၊သစ်တိုသစ်စများကို ဆက်လက်ရှင်းလင်းခဲ့ပါသည်။မေလတွင် စပါးနှင့်တခြားသီးနှံများဖြစ်သော ပြောင်းဖူး၊သခွားသီးနှင့်ငရုတ်သီးတို့ကို မျိုးချကြပြီး ဇွန်နှင့်ဇူလိုင်လတွင် လှေကားထစ်လယ်များ ဆက်လက်စပါးစိုက်ပျိုးကြသည်။မျိုးချသည့်အချိန်မှ ရိတ်သိမ်းသည့်အချိန်ထိ ကာလများသည် ပေါင်းပင်များရှင်းလင်းရပါသည်။စက်တင်ဘာလနှင့်အောက်တိုဘာလများ တွင် ပြောင်းဖူးနှင့်တခြားဟင်းသီးဟင်းရွက်များစားသုံးနိုင်ပြီး နိုဝင်ဘာလတွင် စပါးများရိတ်သိမ်းကြပါသည်။ ဒီဇင်ဘာလတွင် ငရုတ်သီးများပြန်လည်သိမ်းဆည်းရပါသည်။ကျေးရွာသူ/သားများသည် ငရုတ်သီးကိုအများဆုံး စိုက်ပျိုးကြသော်လည်း စိုက်ပျိုးရေးနည်းပညာမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် အရင်းအနှီးများ သောကြောင့် ဝင်ငွေနည်းပါးပါသည်။

ကျေးရွာများတွင် ဝမ်းစာဖူလုံမှုအခြေအနေမှာ ဧပြီလမှစက်တင်ဘာလအထိ ပိုမိုခက်ခဲပါသည်။ ဖြေရှင်းသည့်နည်းလမ်းများမှာ တခြားကျေးရွာ၊မြို့များသို့ အလုပ်ထွက်ရှာခြင်း(သို့)အဆင်ပြေသောမိသားစုထံတွင် ချေးယူခြင်း စသည့်နည်းလမ်းဖြင့် စားဝတ်နေရေးအဆင်ပြေအောင် ဖြေရှင်းကြပါသည်။အထက်ဖော်ပြပါသီးနှံများ သည် စီးပွားဖြစ်စိုက်ပျိုးကြခြင်းမဟုတ်ဘဲ တောင်ယာ၊ လယ်ယာရှိသောသူနှင့် အရင်းအနှီးရှိသောသူသာလျှင် ပိုမို စိုက်ပျိုးကြသောကြောင့် မိသားစုဝမ်းစာဖူလုံမှုမှာ တချို့မိသားစုမှသာ ရရှိပါသည်။

ကျေးရွာသောက်သုံးရေမှာ တောတောင်စိမ့်စမ်းရေထွက်ပေါက်မှ တဆင့်ပိုက်ဖြင့် ရွာအနီးထိ သွယ်ထားသဖြင့် နွေရာသီဖြစ်သော မတ်လ၊ဧပြီလနှင့်မေလတွင် ရေပိုက်မှရေထွက်သည့် ပမာဏနည်းသွား၍ ရေ အခက်အခဲနှက့်ကြုံတွေ့ရပါသည်။

၎င်းကျေးရွာများတွင် တံခွန်တိုင်ဘာသာ၊ ခရစ်ယာန်ဘာသာနှင့် ဗြဟ္မရိစိဘာသာများရှိသည့် အလျောက် ဒီဇင်ဘာလတွင် ခရစ်စမတ်ပွဲများရှိပြီး ဇန်နဝါရီလမှဧပြီလအထိ မင်္ဂလာဆောင်ပွဲ၊ တံခွန်တိုင်ပွဲ၊ ကယန်းအမျိုးသားနေ့ပွဲနှင့် ရိုးရာကြက်ရိုးထိုးပွဲများရှိကြပါသည်။

အဖြစ်များသော ရောဂါများမှာ တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောများဖြစ်ကြပြီး ရာသီအပြောင်းအလဲဖြစ်ချိန်တွင် ဖြစ်ပွားမှုပိုများပါသည်။ရောဂါပြင်းထန်မှုမရှိပါက ကျေးရွာတွင်းတွင် ကုသမှုခံယူကြပြီး ပြင်းထန်မှုရှိပါက မြို့ပေါ်သို့သွားရောက်ကုသခံယူသောကြောင့် အသေအပျောက်နည်းပါသည်။

| | |
|---|---|
| ပါဝင်ဆွေးနွေးသူ - | ကျား(၁၅)ဦး |
| | မ (၁၅)ဦး |

# ကော်မတီဝင်စာရင်းများ


အုပ်စု • လိုဘာဦ

ကျေးရွာ • ယပ်ချူ၊ ဂျိဆိဆောင်

၁၄ • ၁၂ • ၂၀၁၆

ဗုဒ္ဓဟူး နေ့

| စဉ် | ကော်မတီအမည် | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ဆောက်ကော်မတီ | ဥက္ကဋ္ဌ | ဦးစံသိန်း | |
| | | ဥက္ကဋ္ဌ | ဒေါ်မူပုနို့ | |
| ၂။ | ဝယ်ယူရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးနွန်းဆို | |
| | | အဖွဲ့ဝင် | ဦးနေတာမူး | |
| | | အဖွဲ့ဝင် | ဒေါ်ဇွေးဖော် | |
| ၃။ | ဆောင်ကြဉ်းသုံး ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသန်းထွန်း | |
| | | အဖွဲ့ဝင် | ဦးတန်မို | |
| | | အဖွဲ့ဝင် | ဒေါ်ခင်စန်းဝေ | |
| ၄။ | လည်ပတ် ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလေးရှို | |
| | | အဖွဲ့ဝင် | ဦးမောင်လှ | |
| | | အဖွဲ့ဝင် | ဒေါ်တီဖော် | |
| ၅။ | ကျေးရွာ ငွေစာရင်းကိုင် | အဖွဲ့ဝင် | ဦးမောင်ထွ | |
| ၆။ | ဆပ်ဖန် အကြံပြု တိုင်ကြားဖြေရှင်းရေး ကော်မတီ | အဖွဲ့ဝင် | ဦးအန်ဂျေလို | |
| | | အဖွဲ့ဝင် | ဒေါ်စေးနေဝူး | |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးမတ်ကို | |
| | | အဖွဲ့ဝင် | ဒေါ်မူခိုင် | |





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး | ကယား | မြို့နယ် | ဒီမော့ဆို | ကျေးရွာအုပ်စု | [illegible] | ကျေးရွာ | [illegible] |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၃ | ဘာသာ (၁) ခရစ်ယာန် | ၃ |
| လူမျိုးစု (၂) ---------- | | ဘာသာ (၂) ---------- | |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစု (၄) ---------- | | | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | — | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | — | | |
| စစ်ဘေးရှောင် | — | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | ၆ | ၇ |
| လူမျိုးစု (၂) ---------- | | |
| လူမျိုးစု (၃) ---------- | | |
| လူမျိုးစု (၄) ---------- | | |
| လူမျိုးစု (၅) ---------- | | |
| အိမ်ထောင်ဦးစီး | ၃ | – |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

| | ပိုင်းပါ |
|---|---|
| **(၁) လူထုဝဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?** | **ရှိပါသည်/မရှိပါ/မသိပါ** |
| (၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? | နှစ်--------/မသိပါ |
| (၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? | ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ |

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၈--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန်---3 hrs--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/

အခြား -----------------

မိုးရာသီတွင်ကြာချိန်---3 1/2 hrs--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လား/မော်တော်ဘုတ်/

အခြား -----------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား၊

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဝဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား၊

(၁) [illegible]

(၂) ---------------------------

ကျေးရွာခေါင်းဆောင် အမည် ဦးမောင်တင်

လက်မှတ် [signature] နေ့စွဲ 14 · 12 · 16

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 14 · 12 · 16

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | [illegible] | | | | | | |
| နေ့စွဲ | 13 . 12 . 16 | | | စက်ဝန်းအားအမှတ်ခြစ်ပါ | ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | [illegible] | ကျေးရွာအုပ်စု | [illegible] | ကျေးရွာ | [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 13.12.16 | 13.12.16 | ၁၅ | ၁၅ | ၃၀ | ကယန်း ၃၀ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 14.12.16 | 14.12.16 | ၂၂ | ၂၄ | ၄၄ | ကယန်း ၄၆ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 13.12.16 | 13.12.16 | ၈ | ၈ | ၁၅ | ကယန်း ၁၆ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံရက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - ဝ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| *လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။* | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်တူး၊ ဘယ်ရှုံပြင် |
| နေ့စွဲ 14. 12. 16 | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီမော့ဆို ; ကျေးရွာအုပ်စု ဆိုကလို ; ကျေးရွာ ယပူ + ဖါဆီဘော |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ခုံးမဘောင်မရှိသည့် အခက်အခဲ | ၁ | မျှပ်စစ်မီး မရှိသည့် အခက်အခဲ |
| ၂ | လမ်းပန်းဆက်သွယ်ရေး မကောင်းသည့် အခက်အခဲ | ၂ | ခုံးမဘောင်မရှိသည့် အခက်အခဲ |
| ၃ | ဘာသာကျောင်းဖြည့်စည်းဖို့ မရှိသည့် အခက်အခဲ | ၃ | အသုံးပြုသာရေ တိုင်ကီ မရှိသည့် အခက်အခဲ |
| ၄ | ဘာသာကျောင်းမြေကာထိန်းနံရံ မရှိသည့် အခက်အခဲ | ၄ | ကျေးရွာတွင် ဆေးပေးခန်း မရှိသည့် အခက်အခဲ |
| ၅ | ရေမလုံလောက်သည့် အခက်အခဲ | ၅ | အဝတ်လျှော်ရေး အဆင်မပြေသည့် အခက်အခဲ |
| ၆ | ဘောလုံးကွင်း ကျဉ်းသည့် အခက်အခဲ | ၆ | မူကြိုကျောင်းဖြည့်စည်းဖို့ မရှိသည့် အခက်အခဲ |
| ၇ | ဆေးပေးခန်း ဝေးသည့် အခက်အခဲ | ၇ | ရေလုံလောက်မှု မရှိသည့် အခက်အခဲ |
| | | ၈ | ဘောလုံးကွင်း နေရာမကောင်းသည့် အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလိုသည့်အချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ခုံးမဘောင် ရရှိမည့် မျှော်မှန်း | ၁ | မူကြိုကျောင်းဖြည့်စည်းဖို့ ရရှိမည့် မျှော်မှန်း |
| ၂ | ဆေးပေးခန်း ရရှိမည့် မျှော်မှန်း | ၂ | ခုံးမဘောင် ရရှိရန် |
| ၃ | ရွာ ↔ ကယားပြည်နယ် [illegible] လမ်းမကြီး ရရှိမည့် မျှော်မှန်း | ၃ | အသုံးပြုသာရေ တိုင်ကီ ရလာမည့် မျှော်မှန်း |
| ၄ | ကျေးရွာတွင် ကွန်ကရစ်လမ်း ရရှိမည့် မျှော်မှန်း | ၄ | ရေလုံလောက် ရရှိရန် |
| ၅ | ဘောလုံးကွင်း ကောင်းလာမည့် မျှော်မှန်း | ၅ | ကျေးရွာတွင် ဆေးပေးခန်း ရလာမည့် မျှော်မှန်း |
| ၆ | ဘာသာကျောင်းမြေထိန်းနံရံ ရလာမည့် မျှော်မှန်း | ၆ | အဝတ်လျှော်ရေး အဆင်ပြေလာမည့် မျှော်မှန်း |
| | | ၇ | မျှပ်စစ်မီး ရရှိရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ခုံးမဘောင် | ကျ + မ | | |
| ၂ | မျှပ်စစ်မီး | ကျ + မ | | |
| ၃ | ရေ | ကျ + မ | | |
| ၄ | ဘာသာကျောင်းဖြည့်စည်းဖို့ | ကျ + မ | | |
| ၅ | လမ်း | ကျ | | |
| ၆ | ဘာသာကျောင်းမြေထိန်းနံရံ | ကျ | | |
| ၇ | ဘောလုံးကွင်း | ကျ | | |

ယ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဒေသခံ ပညာရေး တိုးတက်ရေး | မ | |
| ၂ | [illegible] | ကျား + မ | |
| ၃ | [illegible] | မ | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ 14.12.16

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ပန်ထမ်းအမည် | ၊ ဦး နိုး မြင့် ၊ ဒေါ်ထွေး အယ် ညိုင်း | | |
| နေ့စွဲ | ၁၃ . ၁ . ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား: | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု | လိုဘာဒို |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားရမည့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| လိုဘာဒို | ခုံနှိမ့်မဆောင် | ၅၀'×၃၀'×၁၂' | ၁၀၇၈ ဦး | □ ကျား<br>□ မ<br>☑ ကျား+မ | ၁၁၈ သိန်း | - | - | - | ၁၁၈ သိန်း |
| ဆော်ဒေါ် | စာသင်ကျောင်း | 40'×30'×12' | ၈၁၅ ဦး | □ ကျား<br>□ မ<br>☑ ကျား+မ | ၁၁၉ သိန်း | - | - | - | ၁၁၉ သိန်း |
| | | | | □ ကျား<br>□ မ<br>□ ကျား+မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ    အမည်    လက်မှတ်    ရက်စွဲ

ဦးဟောင်မှရီ    [signature]    ၁၃ . ၁ . ၂၀၁၇

ဒေါ်ရီစီ    [signature]    ၁၃ . ၁ . ၂၀၁၇

# ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာနှင့်အုပ်စုအမည် | - | ယပ်ခူနှင့်ဝါဆီဆောင်ကျေးရွာ ၊ လိုဘာခိုအုပ်စု |
| နေရာ | - | ဒေါ်မူယုန့်နေအိမ် ၊ ယပ်ခူကျေးရွာ |
| ရက်စွဲ | - | ၁၃-၁၂-၂၀၁၆ |
| တက်ရောက်သူဦးရေ | - | ကျား ၁၅ + မ ၁၅ |

ရည်ရွယ်ချက် ။ စီမံကိန်း အကြောင်းများ ပြောကြားခြင်း ၊ လူမှုဆန်းစစ်ခြင်း ၊ ပြန်လည်သုံးသပ်ခြင်း နှင့် စေတနာဝန်ထမ်းများ ပြန်လည်ရွေးချယ်ခြင်း။

ပထမအကြိမ်ကျေးရွာအစည်းအဝေးသို့ နံနက်(၉း၃၀)နာရီတွင် စတင်ပြီးတက်ရောက်သူများအား မှတ်တမ်း ကောက်ယူပါသည်။ထို့နောက် အစည်းဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသီးယူမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်ကလ်ပြီး အစီအစဉ်အရ လူထုဗဟိုပြုစီမံကိန်းမိတ်ဆက် အချက်(၁၅)ချက်ကို ပြောကြားခဲ့ပြီး စီမံကိန်းစက်ဝန်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး စီမံကိန်းတွင် အဓိကပါဝင်သူများနှင့် အဓိကတာဝန်ဝတ္တရားများကို ပြောကြားဆွေးနွေးခဲ့ရာတွင် စီမံကိန်းတွင်ပါဝင်ပတ်သက်သူတိုင်း တာဝန်ရှိကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ထို့နောက် စေတနာ့ဝန်ထမ်း၏ တာဝန်နှင့်ဝတ္တရားများကို ကျေးရွာလူထုအားရှင်းပြပြီး အစည်းအဝေးတက်ရောက်လာသူများမှ စီမံကိန်းအတွက်အထောက်အကူဖြစ်စေရန် ကျေးရွာစေတနာ့ဝန်ထမ်း ဦးမတ်ကိုနှင့်ဒေါ်မူနှင်းကို အသိအမှတ်ပြု ရွေးချယ်ခဲ့ပါသည်။

ဆက်လက်ပြီးအစီအစဉ်အရ လူမှုဆန်းစစ်ခြင်းဆိုင်ရာနှင့်ပတ်သက်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း၊ ဥစ္စာဓနကြွယ်ဝမှုပြဇယား ပြန်လည်ဆွေးနွေးခြင်း၊ ရာသီခွင်ဇယားကိုပြန်လည်ဆွေးနွေးခြင်း၊ ကျား/မ အဖွဲ့(၂)ဖွဲ့ခွဲ၍ ပင့်ကူအိမ်ကို အုပ်စုဖွဲ့၍ဆွေးနွေးခြင်းနှင့် ကျေးရွာတွင်အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုပြ ဇယားကို ပြန်လည်ဆွေးနွေးအတည်ပြုခြင်းများ ပြုလုပ်ခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် စီ/ထောက်ဥက္ကဋ္ဌ ဦးလကလိုမှ ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးကို နေ့လည်(၁း၃၀)အချိန်တွင် ရုပ်သိမ်းလိုက်ပါသည်။

# ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာနှင့်အုပ်စုအမည် | - | ယပ်ခူနှင့်ဂွာဆီဆောင်ကျေးရွာ ၊ လိုဘာခိုအုပ်စု |
| နေရာ | - | ဦးနေတာမူး၏နေအိမ် ၊ ယပ်ခူကျေးရွာ |
| ရက်စွဲ | - | ၁၄-၁၂-၂၀၁၆ |
| တက်ရောက်သူဦးရေ | - | ကျား ၂၂ + မ ၂၄ |

ရည်ရွယ်ချက် ။ စီ/ထောက်ကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ၏အခက်အခဲပြဿနာများ၊ မျှော်မှန်းချက်များနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများဖော်ထုတ်နိုင်ရန်။

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို နံနက်(၉း၀၀)နာရီအချိန်တွင် စတင်ပြီးတက်ရောက်သူများအား မှတ်တမ်းကောက်ယူပါသည်။ထို့နောက် ပထမအကြိမ်ကျေးရွာအစည်းအဝေးအစီအစဉ်မှ ကျန်ရှိသော ကျား/မရေးရာအသုံးပြုမှုနှင့် ထိန်းချုပ်မှုအားပြန်လည်ပြုလုပ်ခဲ့ပြီးလူမှုဆန်းစစ်ခြင်းဆိုင်ရာများ၏ ရည်ရွယ်ချက်များနှင့်တကွ ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်သုံးသပ်ခဲ့ပါသည်။ထို့နောက် လူမှုဆန်းစစ်ခြင်းရလဒ်ကို အခြေခံပြီးကျေးရွာ၏အခက်အခဲပြဿနာများ မျှော်မှန်းချက်များနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ကျား/မ အုပ်စုလိုက်သီးသန့်ဆွေးနွေးစေပြီး ပြန်လည်တင်ပြခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထို့နောက် စီမံကိန်းနှင့်ပတ်သက်သော လူမှုအကာအကွယ်နှင့်သဘာဝပတ်ဝန်းကျင်အကာအကွယ်များ၊ အကျုံးဝင်သောလုပ်ငန်းနှင့် အကျုံးမဝင်သောလုပ်ငန်းများ၏ စံနှုန်းသတ်မှတ်ချက်များကို အသေးစိတ်ရှင်းပြခဲ့ပါသည်။ဆက်လက်ပြီးကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို ကျာ/မအလိုက်မဲစနစ်ဖြင့် ရွေးချယ်သတ်မှတ် ခဲ့ပါသည်။ဆက်လက်ပြီး ကျေးရွာစီမံခန့်ခွဲမှု ကော်မတီများဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများကို ပြန်လည်ပြောကြားခဲ့ပြီး စီ/ထောက်ကော်မတီများ ပြန်လည်ရွေးချယ်အတည်ပြုခဲ့ပါသည်။ကော်မတီများကိုအတည်ပြုခြင်းနှင့်အတူ ဆောင်ရန်၊ ရှောင်ရန် စသည့်ကျင့်ဝတ်များ ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်ပြီး ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်အား အသက်ဝင်စေရန် ကြေညာပုံးနှင့် စာတိုက်ပုံးများထားရှိရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပြီးစာအိတ်အသုံးပြုသည့်နည်းလမ်းများကိုလည်း ထပ်မံရှင်းလင်းပြောကြားခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးသီးယူမှ တက်ရောက်လာကြသောကျေးရွာလူထုအား ကျေးဇူးတင်စကားပြောကြားပြီး စီ/ထောက်ကော်မတီများအားလုံး COC နှင့် HR2 ပုံစံများ ဖြည့်သွင်းလက်မှတ်ရေးထိုးကြကာ မှတမ်းဓါတ်ပုံရိုက်ကြပါသည်။အစည်းအဝေးကို ညနေ(၂း၀၀)နာရီအချိန်တွင် ရုပ်သိမ်းလိုက်ပါသည်။

လှိုင်ကြည် အုပ်စု

ယာပ်ချုံးနှင့်ဂါဆီအောင်ကျေးရွာ၊ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Social map/ Resource map) | ၂၀၁၉-၁၂-၂၄ | ရပ်မိရပ်ဖ၊ ကော်မတီ၊ကျေးရွာလူထုများအားလုံး | ၁၅ | ၁၅ | ၃၀ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ရေလောင်ကန်၊ သစ်တောများ |
| ၂။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၀၁၉-၁၂-၂၄ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၁၅ | ၁၅ | ၃၀ | ကျေးရွာလူမှုစီးပွားရေးကိုအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ရန် အများလူထုသဘောတူတတ်မှတ်ခြင်း |
| ၃။ | ကျား/မရေးရာကဏ္ဍ (Assect Mapping) | ၂၀၁၉-၁၂-၂၅ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၂၂ | ၂၄ | ၄၆ | ကျေးရွာအတွင်းရှိ အရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများပြုလုပ်ခြင်း |
| ၄။ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၁၉-၁၂-၂၆ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၁၅ | ၁၅ | ၃၀ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့်အကြောင်းအရင်းများ (လုပ်အား၁) |
| ၅။ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၂၀၁၉-၁၂-၂၆ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု၊ | ၁၅ | ၁၅ | ၃၀ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၀၁၉-၂-၀၄ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၁၅ | ၁၅ | ၃၀ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ(အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးကာလ၊ ဝင်ငွေအနည်းဆုံးကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇။ | အခက်အခဲ/ပြဿနာ (Problem) | ၂၀၁၉-၂-၀၄ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၂၂ | ၂၄ | ၄၆ | ငွေရေးကြေးရေး၊ စည်းလုံးညီညွတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦးလေးစားခြင်း၊ မြေနေရာကျဉ်းခြင်း၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ |
| ၈။ | ကျေးရွာ၏(၄)နှစ်စာမျှော်မှန်းချက်များ (Village Vision) | ၂၀၁၉-၂-၀၄ | ကျေးရွာလူထုအားလုံး | ၂၂ | ၂၄ | ၄၆ | ပိုမိုတိုးတက်စည်းလုံးဖွံ့ဖြိုး၊ ပိုမိုကျန်းမာလုပ်ကိုင်နိုင် (စားဝတ်နေရေး)၊ ပိုမိုပညာရေးကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုကောင်းမွန်လာနိုင်၊ ပိုမိုကျေးရွာဖွံ့ဖြိုးလာနိုင်၊ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဥ်များ (Village Approve Vision) | ၂၀၁၉-၂-၀၄ | ကျေးရွာလူထုအားလုံး | ၂၂ | ၂၄ | ၄၆ | ခန်းမဆောင်၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ လမ်း၊ ရေလှောင်ကန်၊ ရေပိုက်/ငုတ်၊ လျှပ်စစ်မီး၊ |
| ၁၀။ | ကျေးရွာဦးစားပေးလုပ်ငန်းစဥ်များ (Village Object Vision) | ၂၀၁၉-၂-၀၄ | ကျေးရွာလူထုအားလုံး | ၂၂ | ၂၄ | ၄၆ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဥ်အဆင့်သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊ အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁။ | ကျေးရွာသမိုင်းအကျဉ်းချုပ် (History) | ၂၀၁၉-၂-၀၄ | အမျိုးသမီး၊ အမျိုးသားလူထုအားလုံး | ၃ | ၁ | ၄ | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာ စသောကျေးရွာသမိုင်းအချက်အလက်အဆင့်ဆင့်များကိုဖော်ထုတ်ခြင်း၊ |